မြန်မာခရစ်ယာန်မိသဟာယအသင်းတော်

*Burmese Christian Fellowship*

# †Newsletter - သတင်းလွှာ

*Enjoy free reading from B.C.F. _ Volume 8/Issue 9/ September / 2015*

မြန်မာခရစ်ယာန်မိတ်သဟာယ အသင်းတော်
Burmese Christian Fellowship (B.C.F)
၏

## ‘ဗိမာန်တော် နှင့် နေရာသစ်’

**ရပ်နီးရပ်ဝေးခမ္မမိတ်ဆွေအပေါင်းတို့...**

၂၀၁၅ ခုနှစ်၊ အောက်တိုဘာလ၊ ၄ရက်၊ တနင်္ဂနွေနေ့ မှစတင်၍ မြန်မာခရစ်ယာန်မိတ်သဟာယ အသင်းတော် (B.C.F) **‘ဗိမာန်တော် နှင့် နေရာသစ်’** တည်ရှိရာသို့ အရောက်ကြွလှမ်းလာ၍၊ အတူတကွ ချီးမွမ်း ဝတ်ပြု ကိုးကွယ်ရန် အထူးဖိတ်ကြားပါသည်။ B.C.F မှလှိုက်လှဲစွာကြိုဆိုပါ၏။

Special Occasion … The Very First Service
Date … October 4, 2015 at 2:00 PM
Worship Place …1337 Farmstead Ave. La Puente, CA 91745



မြန်မာခရစ်ယန်မိတ်သဟာယအသင်းတော်၏ ချီးမွမ်းဝတ်ပြုကိုးကွယ်ရာဗိမာန်တော်ပုံ၊
Address … 1337 Farmstead Ave. La Puente, CA 91745

မြန်မာခရစ်ယာန်မိသဟာယ အသင်းတော်သို့ ယုံကြည်သူ လူမျိုးမရွေး၊ ခရစ်ယာန်ဂိုဏ်းဂဏ မရွေး၊ လာရောက်၍ ဝတ်ပြုကိုးကွယ်နိုင်ပါကြောင်း ဖိတ်ခေါ်ပါသည်။ ‥ ရှေ့လာမည့် အသင်းတော်၏ အစီအစဉ်များကိုလည်း အသိပေး ကြေငြာပါမည်။ ။

## 2015, September Events







**9/ 06/ 2015 … Regular Service**

**9/ 13/ 2015 … Holy Communion and Grandparents Day**

**9/ 20/ 2015 … Regular Service , B.C.F. Official Board Meeting**

**9/ 27/ 2015 … Regular Sunday Service**
**Guest Speaker … Rev. Nai Than Tun**

**Every Service on Sunday 2:00PM at St. Luke's Episcopal Church.**

***Address … 122 S. California Ave. Monrovia, CA 91016***

***Children Sunday School and Youth program … 2:12 PM***

# ခရု(Snail)တစ်ကောင်ကို ဆွဲခေါ်၍ လမ်းလျှောက်ခြင်း

**သားမျိုးနှင့် မိုယ်းကောင်းကင်ငှက်တို့ကို မေးမြန်းလော့။**
**သူတို့သည် ဟောပြော သွန်သင် ကြလိမ့် မည်။**
**ယောဘဝတ္ထု – ၁၂း၇။**

ခရု (Snail) တစ်ကောင်ကို ဆွဲခေါ်၍လမ်းလျှောက်ရန် ကျွန်ုပ်ကို ဘုရားသခင်က တာဝန်ပေးလိုက်သည်။ ခရုကို ဆွဲခေါ်လမ်းလျှောက်ရသဖြင့် ကျွန်ုပ် မြန်မြန်မလျှောက် နိုင်ပါ။ နှေးကွေးစွာလျှောက်လျှင်ပင် ခရုခမြာ အစွမ်းကုန် တရွေ့ရွေ့ တွားသွားပြီး မှီအောင် မလိုက်နိုင် လိုက်နိုင်နှင့် လိုက်ရသည်။ တခါရွေ့လျှင် များများမရွေ့နိုင်။ အနည်းငယ်မျှသာ ရွေ့နိုင်သည်။ အချိန်ကြာသောအခါ ကျွန်ုပ် စိတ်မရှည် နိုင်တော့ပါ။ အားမလိုအားမရ ဖြစ်လာသည်။ ခရီးထွင်ဖို့ရန် မြန်မြန်ရွေ့နိုင်အောင် ဝေးဝေးရောက်နိုင်ဖို့ ခရုပက်ကိုတိုက်တွန်းနှိုးဆော်သည်။ အော်ဟစ်ကြိမ်းမောင်းသည်။ အပြစ်တင်ရှုံ့ချသည်။

သို့သော်လည်း မရပါ။

ခရုခဗျာ ကျွန်ုပ်ကို တောင်းပန်သော မျက်လုံးနှင့် ကြည့်နေသည်။

စိတ်မကောင်းသောမျက်လုံးနှင့် ကြည့်နေသည်။

သူအတတ်နိုင်ဆုံး အစွမ်းကုန် ကြိုးစားနေပြီ ဟုပြောနေပုံရသည်။

သူ့ကို ကျွန်ုပ် တရွတ်တိုက် ဆွဲခေါ်ချင် သည်။ တွန်းချင်သည်။ ခရုမှာတော့ ချွေးမြေတတောက်တောက်ကျနေပြီ ဖြစ်သည်။ ဟောဟောဟဲဟဲ ဖြစ်နေပြီ။ မည်ကဲ့သို့ပင် ဖိနှိပ်တွန်းအားပေးသော်လည်း တရွေ့ရွေ့ တနှေးနှေးသာ တွားသွားနိုင်သည်။

ခရုကို ဆွဲခေါ်၍ လမ်းလျှောက်ရန် ကျွန်ုပ်ကို ဘုရားသခင်က အဘယ့်ကြောင့် တာဝန်ပေးလိုက်သနည်း။ အလွန်ထူးဆန်းသည်ဟုထင်ရသည်။ ကျွန်ုပ်မစဉ်းစားတတ် တော့ပါ။

ထို့ကြောင့် ဘုရားသခင်ကို ဘာကြောင့်လဲ? မေးသည်။

သို့သော်လည်း ဘုရားသခင်ထံတော်မှ ဘာအဖြေမှ မရ။ တိတ်ဆိတ်ခြင်း၊ ဆိတ်ငြိမ်ခြင်းနှင့်သာ ကြုံရသည်။ ဘုရားသခင် အလေးထားပုံ မပေါ်။ ကျွန်ုပ်လည်း သုန်သုန်မှုန်မှုန် ဖြစ်ကာ ဂရုမစိုက်တော့ပါ။ တရွေ့ရွေ့ တွားသွားနေသော ခရုကို လက်လွှတ် လိုက်သည်။ ကျွန်ုပ်၏ခြေလှမ်းအလွန်နှေးသွားသည်။

ထိုအခါကျမှ နူးညံ့သိမ်မွေ့စွာ တိုက်ခတ်လာသော လေပြေလေညှင်းလေးကို ကောင်းမွန်စွာခံစားရမှန်း သိလာသည်။ ထိုအခါကျမှ ဤလေပြေ လေညှင်းလေး နှင့် ပါလာသော မွှေးကြိုင်သည့် ပန်းရနံ့ကို သတိထားမိလာသည်။ အနီးအနား ပတ်ဝန်း ကျင်၌ ဘုရားသခင် ဖန်ဆင်းထားသည့် ပန်းမျိုးပေါင်းစုံ ဖူးပွင့်ဝေဆာလျက် ပန်းစုံရနံ့၊ မွှေးကြိုင်ပျံ့နှံ့နေသော လှပတင့်တယ်သည့် ပန်းဥယျာဉ်ကို သတိထားမိလာသည်။ ကြေးငှက်များ ချိုသာလှစွာဖြင့် သီဆိုကြသောအသံများနှင့် ပိုးကောင်ကလေးများ၏အော်မြည်သော အသံများက သဘာဝသံစုံသီချင်းများကို နားထောင်ရသကဲ့သို့ နားဝင်ချိုလာသည်။ ညအခါတွင်လည်း မိုးကောင်းကင်၌ မှိတ်တုတ်မှိတ်တုတ်နှင့် လင်းလက်နေသော ကြယ်တာယာများ နှင့် ထိန်ထိန်သာနေ သည့် ရွှေလမင်း၏ မြင်ကွင်းသည် ကြည့်သောသူများကို စိတ်ထဲတွင် ကြည်နူးသွား စေသည်။ အံ့သြမိန်းမောစေသည်။ မြင့်မိုရ်တောင်ထက် ပို၍မြင့်မားသောမေတ္တာဖြင့် လူသားများကိုချစ်သော အဖဘုရားသခင်၏ အံ့သြဘွယ်ရာ ဖန်တီးခြင်းကျေးဇူးတော်ကို ပို၍ ပို၍ အောက်မေ့သတိရရှိစေပါသည်။

ယခင်တုံးကတော့ ဘဝလမ်းခရီးကို  လျှောက်လှမ်းသောအခါတွင် မြန်မြန် ဆန်ဆန် နှင့်သွားလာလှုပ်ရှားသောကြောင့် သတိမမူတော့ ၊ ဂူတောင်မမြင်ဘူး လို့ ပြောတဲ့အဆိုအတိုင်းဘဲ ဘုရားသခင်၏ အံ့သြဘွယ်ရာ ဖန်တီးမှုကို မခံစားတတ်ပါ။

မျက်စိရှိလျှက်သားနှင့် မမြင်။
နားရှိ လျှက်သားနှင့် မကြား။

ယနေ့တွင် ကျွန်ုပ် အယူအဆ လွဲမှားသွားသည်ကို ချက်ခြင်း သတိပြုမိပါသည်။

ခရုတစ်ကောင်ကို ဆွဲခေါ်၍ လမ်းလျှောက်ရန် ကျွန်ုပ်ကို ဘုရားသခင်က တာဝန်ပေးလိုက်ခြင်း မဟုတ်ပါ။

ကျွန်ုပ်ကို ဆွဲခေါ်၍ လမ်းလျှောက်ရန် ခရုတစ်ကောင်ကို ဘုရားသခင်က တာဝန်ပေးလိုက်ခြင်းပင် ဖြစ်ပါသည်။ ။

***John Ma***



# ဖြောင့်မတ်သောသူ နှင့် မတရားသောသူ



= သုတ္တံကျမ်းမှကောက်နုတ်ချက် =

- ဖြောင့်မတ်သောသူ၏ အကြံသည် ဖြောင့်၏။
  မတရားသောသူ ပေးသော အကြံမူကား မုသာဖြစ်၏။
- ဖြောင့်မတ်သောသူ၏ နှုတ်မူကား၊ သူတပါးတို့ကို ကယ်နှုတ်တတ်၏။
  မတရားသောသူ၏ စကားသည် သူ့အသက်ကို သတ်ခြင်းငှာ စောင်းမြောင်းတတ်၏။
- ဖြောင့်မတ်သောသူသည် မိမိတိရစ္ဆာန်အသက်ကို နှမြောတတ်၏။
  မတရားသောသူမူကား၊ ကရုဏာအရာ၌ပင် ကြမ်းကြုတ်တတ်၏။
- ဖြောင့်မတ်သောသူ၏ အမြစ်မူကား၊ အသီးကို သီးတတ်၏။
  မတရားသောသူသည် လူဆိုးသုံးတတ်သော ကျော့ကွင်းကို အလိုရှိ၏။
- ဖြောင့်မတ်သောသူ တောင့်တသော အကျိုးကိုကား၊ ဘုရားသခင်ပေးတော်မူမည်။
  မတရားသော သူသည် လွန်သွားသော လေဘွေကဲ့သို့ ပျောက်တတ်၏။
- ဖြောင့်မတ်သောသူ၏ မြော်လင့်ခြင်းသည် ဝမ်းမြောက်စရာအကြောင်း ဖြစ်၏။
  မတရားသောသူ၏ မြော်လင့်ခြင်းမူကား ပျောက်ပျက်လိမ့်မည်။
- ဖြောင့်မတ်သောသူ၏နှုတ်ခမ်းသည် နှစ်သက်ဖွယ်သောအရာကို သိကျွမ်းတတ်၏။
  မတရားသော သူတို့မူကား ဆန့်ကျင်သောစကားကို ပြောတတ်ကြ၏။
- ဖြောင့်မတ်သောသူသည် အစဉ်မပျက် နေရာမှ မရွေ့ရ။
  မတရားသောသူမူကား၊ မြေပေါ်မှာ အတည် မကျရ။
- ဖြောင့်မတ်သောသူမူကား၊ သစ်ခက်ကဲ့သို့ စိမ်းလန်းလိမ့်မည်။
  မတရားသောသူမူကား၊ ကိုယ်အကျိုး ပျက်ခြင်း ရှိလိမ့်မည်။
- ဖြောင့်မတ်သောသူတို့မူကား၊ တစ်ယောက်ကိုတစ်ယောက် ကျေးဇူးပြုကြ၏။
  မတရားသောသူတို့သည် ဒုစရိုက်အပြစ်ကို မထီလေးစားပြုကြ၏။
- ဖြောင့်မတ်သူတို့၏ ဖြောင့်မတ်သောသဘောသည် သူတို့ကိုကယ်တင်တတ်၏။
  မတရားသောသူတို့မူကား၊ မိမိတို့အဓမ္မ၌ ကျော့မိတတ်ကြ၏။

# Two Teardrops



Two little teardrops were floating down the river of life.
One drop said to the other,
"I am the teardrop of a girl who loved a man and lost him." Who are you?
"Well, I am the teardrop of the girl who won him."

LOVE is very strange.
LOVE is unconditional commitment to an imperfect individual.
You need it but when you love, it's like destining yourself for pain.
You become addicted and dependent on the person.
You become strong and at the same time, you open yourself up to being hurt.
LOVE can make you bear any kind of pain and any kind of sacrifice.
It can also make you feel stupid and act stupidly.

Sometimes when you love and end up giving so much of yourself, subconsciously you only discover how much you've given when the person you love hurts you or has to say goodbye.

Then you realize, an important part of yourself is already with that person. It goes away when he leaves and you are left with a sickening, empty feeling inside.

Tears are bound to shed from your eyes no matter how you force yourself to keep them in. Most teardrops ever shed on this earth have been for love or lack of it. When tears dry, a silent loss sticks to your heart for a long, long time.

Well, that's what you get for caring so much about someone.
But how can you regret it? To give yourself freely and lovingly is the most beautiful thing you can do.

LOVEING makes you real.
LOVEING also makes you cry.
And that is why a teardrop is also BEAUTIFUL.



~Author Unknown~



# တေးစကို ငင်မိလို့

**တက္ကသိုလ် _ ညိုဝင်း**

“ အစ်ကိုကြီး၊ အစ်ကိုကြီးကို ကျွန်မရဲ့ အသက်တာမှာ အထူးခြားဆုံး တွေ့ကြုံခံစားခဲ့ရတဲ့ အဖြစ်အပျက်ကြီးတရပ်ကို ပြောပြရအုံးမယ်။ ”

ခပ်ပြုံးပြုံးနှင့်ပင် ညိုထွေးသည် ကျွန်တော့အား လှမ်း၍ပြောလိုက်သည်။မတွေ့ရသည်မှာ ဆယ်နှစ်ကျော်မျှ ကြာခဲ့ပြီ ဖြစ်သဖြင့်၊ တခါက .. ရောင်ပေစူးနှင့်ညိုထွေးမှ ယခု .. ဆရာဝန်မကြီး အသွင်သို့ ပြောင်းခဲ့ပြီဖြစ်သော ဒေါ်ညိုထွေး၏ “အသက်တာ အဖြစ်အပျက်ကြီး” ကို “အင်း” မှမချနိုင်ဘဲ ကျွန်တော်နားထောင်နေမိသည်။

“ ကျွန်မဟာ အဲဒီတုံးက တက္ကသိုလ်မှာဘဲ ရှိသေးတယ်၊ နောက်ဆုံးနှစ်ဆိုတော့ အဲ့ဒီနှစ်အောင်ပြီးရင် ကျွန်မရဲ့ ချစ်သူ ကိုမြစိုးနဲ့ စုလျားရစ်ပတ် လက်ထပ်ရတော့မယ်ဆိုတဲ့ တွေးလုံးနဲ့ ပျော်မဆုံး တပြုံးပြုံး ဖြစ်နေတဲ့ နှစ်ပါဘဲ ။ ”

“ နွေဦးပေါက်ပြီး စာမေးပွဲနဲ့ နီးခဲ့ပါပြီ။ ပန်းလိပ်ပြာတွေလို ယော်ရွက်ဝါတွေဟာ ဝဲခါဝဲခါ နဲ့ လေရူးကို စီးရင်း မြေပြင်ကို သက်ဆင်းနေကြပါပြီ။ ဥသြပျိုတွေဟာလဲ တက္ကသိုလ်မြေတဝိုက်မှာ တိုးတခါ ကျယ်တလှည့်နဲ့ ကန္တကယ ကိုယ်ရည်သွေး တေးစကိုငင်ရင်း ချစ်ကြင်ဘက်တွေရှာနေကြ သလိုပါဘဲ။ ”

“ အဲဒီလို သာယာတဲ့ ပတ်ဝန်းကျင်မှာ ကျွန်မရဲ့ အချစ်ငွေတွေ လျှံပြီး ကဗျာဆန်နေတဲ့ စိတ်ကူးဟာ နွေဦးရဲ့ လေပွေကလေးလိုဘဲ ဆုံးစမထင် ချစ်ရေးကိုသာဘဲ ငင်နေမိပါတယ်။ ”

“ အဲဒီအချိန်မှာ ပြုံးဆို .... ကျွန်မရဲ့ ရှေ့မှောက်စားပွဲပေါ်မှာ တင်ထားတဲ့ .. ရေဒီယိုက “ နိဗ္ဗာန်တိုင် မောင့်ကိုကွယ် လုပ်ကျွေးပြုပါမယ် ။ ဟိုဘဝရယ် ဒီဘဝရယ် ” ဆိုတဲ့ တေးသံချိုဟာ ငြိမ့်ငြိမ့်ညောင်းညောင်းနဲ့ သာယာမှုကို ထပ်ဆင့်လို့ လောင်းလိုက်သလိုပါဘဲ။ ”

“ ဒါပေတဲ့ ဒီတေးသံချိုဟာ ကျွန်မရဲ့စိတ်ကူးယဉ်မှုတွေကို ခဏအတွင်းမှာဘဲ ဖြိုခွင်းလို့ ဖျက်ဆီးလိုက်ပါပြီ။ ဣန္ဒြာရုံမှာ အကျုံးဝင်နေတဲ့ တေးဂီတ တစ်ပုဒ်ဟာ အနိဋ္ဌာရုံကို ခေါ်ဖိတ်လိုက်ပါပြီ။ မကြာသေးမီကမှ သာယာမှုအားဆောင်ကျင်းပေးတဲ့ ကျွန်မရဲ့မျက်စိအောက်မှ စကြာဝဠာကြီးတခုလုံးဟာ အိုးထိန်းစက်လို ချာချာလယ်သွားပါပြီ။ အဲဒီ တေးစကို ငင်မိတယ် .. ဆိုရင်ဘဲ ကျွန်မရဲ့ ရှေ့မှောက်မှာ အချစ်နဲ့ဘာသာရေး ဆိုတဲ့ .. ပဋိပက္ခမှုကြီးဟာ တဖြေးဖြေးပေါ်လို့သာ လာပါတော့တယ်။ ”

“ အကြောင်းကတော့ .. ဒီလိုပါ၊ ကိုမြမိုးက ဗုဒ္ဓဘာသာ။ ကျွန်မကတော့ ခရစ်ယာန်။ ဒါကြောင့်မို့ သာဘဲ ကျွန်မကြားလိုက်ရတဲ့ တေးစကလေးဟာ ကြီးကျယ်လှတဲ့ ပဋိပက္ခမှုကြီးကို ဖေါ်ထုတ်လိုက်နိုင်ခြင်း ဖြစ်ပါတယ်။”

တကယ်မှာတော့ ၊ အဲဒီတေးသွားဟာ ကိုမြမိုးရဲ့ စိတ်ထဲမှာရှိတဲ့ ထိတွေ့ခံစားမှုကို ရောင်ပြန်ဟပ် ပေးလိုက်တဲ့ ကြေးမုံနဲ့တူနေပါတော့တယ်။ ဗုဒ္ဓဘာသာဖြစ်တဲ့ ကိုမြမိုးအတွက် ချစ်သူနဲ့ ဖြစ်လေရာ ဘဝမှာ အတူပေါင်းရပြီး နိဗ္ဗာန်ကို အတူဝင်ရလိုကြောင်းနဲ့ မွေတော်သရီ မြတ်စေတီမှာ တောင်းဆုယူလိုပေလိမ့်မည်။

ဒါတင်မကသေးပါဘူး ၊ ကျွန်မတို့ အိမ်ထောင်တည်လို့ ပေါက်ပွားလာမဲ့ အဆွယ်အပွား ကလေးတွေရဲ့ နောင်ရေးဟာလဲ ကျွန်မရဲ့ရှေ့မှောက်မှာ စိတ်မအေးဘွယ် ရှုတ်လို့သာဘဲ ပေါ်လာပါတော့တယ်။ အဲဒီတော့မှလဲ ကျွန်မရဲ့ချစ်ရေးကို လေးလေးနက်နက်စဉ်းစားဘို့ သောကမကင်း ပြောလေ့ရှိတဲ့ မိခင်ကြီးရဲ့ မျက်နှာကို မြင်ယောင်လာပါတယ်။

“ တိုတိုဘဲပြောပါရစေတော့ အကိုကြီးရယ်၊ ဒါနဲ့ဘဲ ကျွန်မကိုယ်ကို ကျွန်မ အပြန်ပြန် အလှန်လှန် စောဒကတက်ပြီး စဉ်းစားခန်းဝင်ခဲ့တာ ရက်ပေါင်း အတော်ကြာခဲ့ပါတယ်။ နောက်ဆုံးမှာတော့ ....”

ညိုထွေးသည် ရှိုက်သံဖြင့် တဘက်သို့လှည့်သွားကာ ကျွန်တော့်အားကျောခိုင်းလိုက်ပြီး၊ မျက်စိအစုံမှကျလာသော မျက်ရည်စတို့ကို သုတ်လိုက်ပါသည်။ ထိုနောက်မှ ကျွန်တော့်ဘက်သို့ လှည့်လိုက်ပြီး၊ “ကျွန်မဟာ ပဋိပက္ခ စကို သံသရာ မရှည်ခင်က ဖြတ်မှတော်တော့မယ်ဟဲ့ ဆိုတဲ့ သံဒိဋ္ဌာန်နဲ့ အချစ်နယ်ထဲက နောက်ဆုတ်ပြီး ထွက်ခဲ့ပါတော့တယ်။ အခုတော့ ကျွန်မရဲ့ရှေ့မှောက်မှာကျရောက်လာမဲ့ အခက်အခဲ ပြဿနာအရပ်ရပ်ကို အချိန်မှီ ဖြတ်တောက်ကာကွယ်နိုင်ခဲ့ပါပြီ။”

“ ကိုမြမိုးဆိုရင်လဲ နိဗ္ဗာန်ဆုကို အတူမကွဲမကွာ ယူနိုင်မဲ့ သူကလေး၊ အခုတော့ ရွှင်တပြုံးတပြုံး ပျော်မဆုံး ချစ်နေပါပြီ။ ကျွန်မဆိုရင်လဲ ဝမ်းသာလို့ မဆုံးပါဘူး။

တကယ်မတော့ အကိုကြီးရယ်၊ ဒီအဖြစ်အပျက်ဟာ အဲဒီရေဒီယိုက ပေါ်လာတဲ့ တေးစကိုငင်မိလို့ သီးပွင့်လာတဲ့ အသက်တာရဲ့ပြောင်းလဲမှု အသီးအပွင့်ကလေး တစ်ခုလို့ ဆိုကြပါစို့။”

ညိုထွေး၏မျက်နှာတွင် ပြုံးရောင်လွှမ်းနေပါသည်။ မိမိ၏ ဆုံးဖြတ်ချက်မှ ပေါ်ပေါက်လာသော ဒုက္ခ .. သုခ .. တို့ကို ညိုထွေး တစ်ယောက် လက်ခံနိုင်ခဲ့ပါပြီ။

အမှန်မှာ မျက်ရည်ဖြင့် အရင်းတည်ကာ ဖေါ်ထုတ်ယူရသည့် ဝမ်းသာမှုကြီး ဖြစ်သဖြင့်လည်း အောင်မြင်မှုကြီး တရပ်အနေနှင့် ညိုထွေးတစ်ယောက် ဤကဲ့သို့ဂုဏ်ယူ ပီတိပွားနေခြင်း ဖြစ်ပါသတည်း။



–ဆရာကြီးဦးစောဝင်းအား မိသားစုနှင့်အတူ လူငယ့်အားမာန်မှ သတိရအောက်မေ့လျက် –

~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~
~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~~

# စကားပြောဆိုခြင်း နှင့် နားထောင်ခံယူခြင်း

ညှော်ခံပွဲတစ်ခု၌ အခန်းအနားစတင်ရန် အချိန်နီးကပ်လာပြီ ဖြစ်သော်လည်း ဖိတ်ကြားထားသော ညှော့်သည်တဝက်ကျော်ကျော် ရောက်မလာနိုင်သေးသဖြင့် အိမ်ရှင်ဖြစ်သူသည် စိုးရိမ်ပူပန်စွာဖြင့် ဤသို့ပြောလိုက်သည်။

"ဘာဖြစ်လည်းမသိဘူး။ ရောက်လာသင့်တဲ့ ညှော့်သည်တွေ ရောက်မလာနိုင်သေးဘူး။"

အထိမခံ၊ ကြွေပန်းကန် ကဲ့သို့ အကျကောက်တတ်သော ညှော့်သည်အချို့က ဤကဲ့သို့ ပြောကြားသည်ကို ကြားသောအခါ ....

"လာသင့်တဲ့ညှော့်သည်တွေ ရောက်မလာနိုင်သေးဘူးလို့ ဆိုတော့၊ ငါတို့ဟာ မလာသင့်တဲ့ ညှော်သည်တွေလို့ ဆိုလိုတာဘဲ။" ဟုလွဲမှားစွာ အဓိပ္ပါယ်ကောက်ယူ သဖြင့် တိတ်ဆိတ်စွာ ညှော်ခံပွဲမှ ထွက်ခွာသွားကြသည်။

ညှော့်သည်အချို့ ထပ်မံထွက်သွားသည်ကို တွေ့လိုက်သောအိမ်ရှင်က ပို၍ စိုးရိမ်ပူပန် သွားကာ ဤသို့ပြောလိုက်ပြန်သည်။

"ညှော့်ခံပွဲမှ တကယ်တမ်း မထွက်သွားသင့်တဲ့ ဒီညှော့်သည်တွေ ဘာကြောင့် ထွက်သွားသလဲ မသိဘူးနော်။"

ကျန်ညှော့်သည်များ ဤကဲ့သို့ပြောကြားသည်ကို ကြားလိုက်သောအခါ ....

"ထွက်သွားတဲ့ ညှော့်သည်တွေဟာ ထွက်မသွားသင့်ဘူးဆိုရင် ကျန်ခဲ့တဲ့ ငါတို့ဟာ ထွက်သွားသင့်တယ်လို့ ဆိုလိုတာဘဲ ဖြစ်မယ်။" လို့ အကျကောက် ယူဆကာ ထွက်သွားကြပြန် သဖြင့် နောက်ဆုံး အိမ်ရှင်နှင့် အလွန်ရင်းနှီးသော သူငယ်ချင်းသာ ကျန်ခဲ့သည်။

ဤကဲ့သို့ မျက်နှာပူစရာ ကောင်းသောအခြေအနေအတွက် သူ့သူငယ်ချင်းက အခြားသူများ ပြဒါးတလမ်း၊ သံတလမ်း ဖြစ်အောင် အဓိပ္ပါယ် အကျကောက်၍ မလွဲမှားအောင် သတိထားရန် သေချာစွာ စဉ်းစားပြီးမှ စကားပြောရန် အကြံပေးလိုက်သည်။ အထင်လွဲ မှားစွာ အကျကောက် ခံရခြင်းမှ ကင်းလွတ်အောင် ကြိုးစားသောအိမ်ရှင်က ယခုမထွက် သွားသင့်သော ညှော့်သည်များကို ထွက်သွားရန် နှင်ထုတ်ပြောခြင်းမဟုတ်ဟု ပြန်လည်ချေပသည်။ ဤထုချေချက်၊ ချေပချက်ကိုကြားသောအခါ အိမ်ရှင့်သူငယ်ချင်းက ဒါဆို ဤညှော့်သည်တို့ကို ထွက်သွားဖို့ ပြောတာ မဟုတ်ဘူး ဆိုလျှင် သူ့ကိုပြောခြင်းပင် ဖြစ်သည်ဟု အကျကောက် ယူဆကာ ယမ်းပုံမီးကျ သကဲ့သို့ အမျက်ချောင်းချောင်း ထွက်လျက် စောင့်အောင့်ကာဖြင့် ထွက်သွားပါတော့သည်။

ပြောလေ၊ ဆိုးလေ၊ လုပ်လေ၊ မြုပ်လေ၊ ပို၍ ရှင်းပြလေ၊ ပို၍ အထင်လွဲလေ၊ ဖြစ်လာပါသည်။ ထွေးပြီးသော တံတွေးကို ပြန်မျိုနိုင်ဖို့ရန် နှင့် ထွက်ပြီးသောဆင်စွယ် ပြန်ဝင်ဖို့ရန် အလွန်ခက်ခဲ သကဲ့သို့ ထုတ်ဖေါ် ပြောဆိုမိလိုက်သော စကားများကို ပြန်လည် ရုတ်သိမ်းဖို့ရန်မှာ အလွန်ပင် ခက်ခဲပါသည်။ အလျှောက်ကောင်းတော့၊ အထောင်းသက်သာ ဟူသော အဆိုအတိုင်း စကား ပြောဆိုခြင်းသည် အခက်အခဲ၊ အကြပ်အတည်း၊ တင်းမာသော အခြေအနေမှ လွတ်မြောက်စေ သည်သာမက၊ မိမိကိုယ်ကို ထိန်းချုပ်သည့် ကျွမ်းကျင် လိမ္မာပါးနပ်သော အတတ်ပညာ တမျိုးဖြစ်သည်ကို သတိရဖို့ လိုပါသည်။
အထူးသဖြင့် ကျမ်းစာ၌ ဖေါ်ပြထားသည်မှာ ....

**သုတ္တံကျမ်း၊ ၁၃း၃ –** မိမိနှုတ်ကိုစောင့်သော သူသည် မိမိ၏အသက်ကို စောင့်၏။
မိမိနှုတ်ကို ကျယ်ကျယ်ဖွင့်သောသူမူကား၊ ပျက်စီးခြင်းသို့ရောက်တက်၏။

**ရှင်ယာကုပ်ဩဝါဒစာ၊ ၁း၁၉ –** ချစ်သောညီအစ်ကိုတို့၊ ခပ်သိမ်းသောသူတို့သည် နားကြားခြင်း ငှါလျင်မြန်ကြစေ။ စကားပြောခြင်းငှါရင်း၊ အမျက်ထွက်ခြင်းငှါရင်း နှေးကြစေ။

အရင်လို၊ အနှေးဖြစ် ဟူသည့် အဆိုအတိုင်း မဖြစ်စေရန် စကားပြောဆိုရာ၌ အရင်မလိုဘဲ သေချာစေ့စပ်စွာ သုံးသပ်ဆင်ခြင်ပြီးမှ ပြေဆိုရမည့် အပြင် အခြားလူ စကားပြောရာ တွင်လည်း ဆိတ်ဆိတ်နေ၊ ထောင်တန်သည်ဟု ဆိုသကဲ့သို့ အကျမကောက်ဘဲ ပြီးပြည့်စုံအောင် နားထောင် ခံယူတတ်ဖို့ရန် လိုပါသည်။

သို့မှသာလျှင် **ဆာလံ ၁၉း၁၄** တွင် ပါသည့်အတိုင်း ....

"အကျွန်ုပ် ပြောသောစကား နှင့် စိတ်နှလုံး၏အကြံအစည်သည် ရှေ့တော်၌ နှစ်သက်ဘွယ် ဖြစ်ပါစေသော။" ဟု တောင်းလျှောက် နိုင်မည်ဖြစ်သည်။



# မေတ္တာသည်

မေတ္တာသည် ...

စိတ်ရှည်တတ်၏။
ကျေးဇူးပြုတတ်၏။
ဂုဏ်ပြိုင်ခြင်းမရှိ၊
ဝါကြွားခြင်း မရှိ၊
မာန်မာနမရှိ။

မေတ္တာသည် ...

လျောက်ပတ်စွာမကျင့်တတ်၊
ကိုယ်အကျိုးကို မရှာတတ်၊
ဒေါသအမျက်မထွက်တတ်၊
အပြစ်ရှိ သည်ဟု မထင်တတ်။

မေတ္တာသည် ...

မတရားသောအမှု၌ ဝမ်းမြောက်ခြင်းမရှိတတ်၊
သမ္မာတရား၌ဝမ်းမြောက်တတ်၏။

မေတ္တာသည် ...

ခပ်သိမ်း သောအရာကို ဖုံးအုပ်တတ်၏။
ခပ်သိမ်းသောအရာကို ယုံတတ်၏။
ခပ်သိမ်းသောအရာကို မြော်လင့်တတ်၏။
ခပ်သိမ်းသောအရာကို သည်းခံတတ်၏။

မေတ္တာသည် ...

ဖောက်ပြန်ခြင်းသဘောနှင့် အစဉ်ကင်းလွတ်၏။

[ကောရိန္သု ဩဝါဒစာ ပဌမစာစောင်၊ ၁၃း၄–၈]

# Love

Love is … patient,

Love is … kind.

Love …
does not envy,
Love …
does not boast,
Love …
is not proud.
Love …
does not dishonor others,
Love …
is not self-seeking,
Love …
is not easily angered, keeps no record of wrongs.
Love …
does not delight in evil but rejoices with the truth.
Love …
always protects,
always trusts,
always hopes,
always perseveres.
Love …
never fails.

I Corinthians 13:4-8
New International Version (NIV)